# အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်

လက်ရှိအခြေအနေအရ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသည့် လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် နယ်စပ်မှ တင်ပို့/တင်သွင်းရန်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မတိုင်မီ ပို့ကုန်၊ သွင်းကုန် လိုင်စင်ခွင့်ပြုချက် ရရှိပြီးသော ကုန်ပစ္စည်းများအား ကုန်သွယ်ရေးစခန်းပြောင်းလဲခွင့်ပြုခြင်း၊ ပင်လယ်ရေကြောင်းမှ ပြောင်းလဲခွင့်ပြုခြင်းတို့ကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ယာဉ်၊ ယန္တရားနှင့် နောက်တွဲယာဉ်များတင်သွင်းခြင်းအတွက်၊ ဝမ်ပုံ-တာချီလိတ်ကုန်သွယ်ရေးစခန်းနှင့် ပင်လယ်ရေကြောင်းတို့မှ ပြောင်းလဲခွင့်ပြုပေးခြင်း၊

( ခ ) ကျန်ကုန်ပစ္စည်းများကို စခန်းပြောင်းလဲတင်ပို့၊ တင်သွင်းလိုပါက ကံပိုင်တည်၊ ကျိုင်းလပ်၊ ဝမ်ပုံ-တာချီလိတ်၊ ကော့သောင်း၊ (ရန်ကုန်-ကော့သောင်း-ရနောင်း) ၊ (ရနောင်း-ကော့သောင်း-ရန်ကုန်) နှင့် မြိတ်ကုန်သွယ်ရေးစခန်းတို့မှ စခန်းပြောင်းလဲခွင့်ပြုပေးခြင်း၊

ကုန်သွယ်ရေးဦးစီးဌာန